**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၈ /၂၀၁၃)**

ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်

အကြောင်းအရာ။ **သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုသော ကုန်ပစ္စည်းများအား H.S Code ဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့ခြင်းကိစ္စ**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃) နှင့် အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၃) တို့ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ အစိုးရဝန်ကြီးဌာနများအား ပို့ကုန်ပစ္စည်း (၁၅၂)မျိုး၊ သွင်းကုန်ပစ္စည်း (၁၆၆) မျိုးတို့အား ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရယူရန်မလိုဘဲ တင်ပို့တင်သွင်းခွင့်ပြုထားပါသည်။

၂။ ၎င်းအမိန့်ကြော်ငြာစာများတွင်ပါဝင်သည့် သွင်းကုန်ပစ္စည်း (၁၆၆)မျိုး အပေါ် AHTN 2012 Version ၏ 8 digit H.S Code ဖြင့် တိတိကျကျသတ်မှတ်၍ ကုန်စည်လိုင်းပေါင်း (၁၉၂၈) လိုင်းဖြစ်ကြောင်းနှင့် ယင်းကုန်စည်လိုင်းပေါင်း (၁၉၂၈) လိုင်းမှအပ ကျန်သော H.S Code များအတွက် သွင်းကုန်လိုင်စင်လျှောက်ထားရမည်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၃) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၃။ တင်သွင်းသူလုပ်ငန်းရှင်များအနေဖြင့် ဆိပ်ကမ်းရောက်ရှိပြီးကုန်ပစ္စည်း၊ သင်္ဘောဖြင့်လမ်းခရီးရောက်နေသည့် ကုန်ပစ္စည်းအစရှိသည့် သွင်းကုန်များအတွက် အဆင်ပြေ ချောမွေ့စေရန် အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃)၊ (၃၃/၂၀၁၃) နှင့် (၇၂/၂၀၁၃) တို့သည် (၉-၉-၂၀၁၃) ရက်နေ့မှ (၉-၁၁-၂၀၁၃) ရက်နေ့အထိ အပြောင်းအလဲကာလ (Transitional period) ရက်ပေါင်း (၆၀)အတွင်း အတူတကွ အကျုံးဝင်သက်ရောက်မှုရှိမည်ဖြစ်ပါသည်။

၄။ ၎င်းအပြောင်းအလဲကာလ ရက်ပေါင်း(၆၀)ပြည့်မြောက်သည့် (၁၀-၁၁-၂၀၁၃) ရက်နေ့မှစ၍ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃) နှင့် (၃၃/၂၀၁၃) တို့တွင် ပါဝင်သည့် သွင်းကုန်ပစ္စည်း (၁၆၆)မျိုးအစား အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၃) တွင် ပါဝင်သည့် H.S Code သွင်းကုန်အမျိုးအစား (၁၉၂၈) လိုင်းသည်သာလျှင် အကျုံးဝင်သက်ရောက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**